# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၁၂)

## နအဖ ဖွဲ့စည်းပုံပါ တရားစီရင်ရေးနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများကို လေ့လာသုံးသပ်ခြင်း

နအဖ ဖွဲ့စည်းပုံပါ တရားစီရင်ရေးနဲ့ စပ်လျဉ်းပြီး အခြေခံရမယ့်မူတွေအပေါ် မျက်မှန်စိမ်းမတပ်၊ ချစ်ခြင်း မုန်းခြင်း ကင်းစွာ၊ အရှိကို အရှိအတိုင်း ပိုင်းပိုင်းခြားခြားသိမြင်နိုင်အောင် ကြိုးစားကြည့်ရအောင်ပါ။

မင်းမဲ့ဝါဒမထွန်းကားစေဘဲ ဥပဒေစိုးမိုးရေး အခြေခံကနေ တိုင်းပြည်ကိုတည်ငြိမ်မှု တိုးတက်မှုရှိစေတို့ ဆိုရင် လွတ်လပ်တဲ့ တရားစီရင်ရေး၊ အနည်းဆုံးအားဖြင့် ဘက်မလိုက်တဲ့ တရားစီရင်ရေးကို အကောင်အထည်ဖေါ်ရမှာဖြစ်ပါတယ်။ အာဏာရှင်စနစ်အောက်မှာ ဖိနှိပ်ပြီး အုပ်ချုပ်တဲ့အခါ မလှုန်ရဲတာကြောင့် ကြောက်လို့ ငြိမ်နေရတာမျိုးဖြစ်ပေမယ့် ဥပဒေစိုးမိုးမှုအပေါ်အခြေခံတဲ့ စစ်မှန်တဲ့တိုင်းပြည်တည်ငြိမ်မှုမျိုးမဟုတ်ဘူး။ ဒါကြောင့် ဒီလိုတိုင်းပြည်မျိုးဟာ ဘယ်တော့မှ မတိုးတက်ဘူးဆိုတာကို နိုင်ငံတကာတိုင်းပြည်တွေရဲ့ အတွေ့အကြုံတွေက သက်သေပြလာပါတယ်။

ဒါကြောင့် လွတ်လပ်တဲ့ တရားစီရင်ရေး၊ အနည်းဆုံးအားဖြင့် ဘက်မလိုက်တဲ့တရားစီရင်ရေး တည်ရှိကျင့်သုံးနိုင်ဘို့အတွက် တိုင်းပြည် တည်ငြိမ်မှု၊ တိုးတက်ဖွံ့ဖြိုးမှုကိုလိုလားတဲ့ နိုင်ငံတိုင်းက ကြိုးပမ်းကြရတယ်။

နအဖ ရဲ့ဖွဲ့စည်းပုံမူတွေထဲမှာ တရားစီရင်ရေးနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများဆိုပြီး အောက်ပါအတိုင်းဖေါ်ပြထားပါတယ်။

(၁) နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတရားရုံးများအပါအဝင် အဆင့်ဆင့်သော တရားရုံးများအား ခွဲဝေအပ်နှင်းသည်။
(၂) ပြည်ထောင်စုတွင် ပြည်ထောင်စုတရားလွှတ်တော်တရပ် ထားရှိသည်။
ပြည်ထောင်စုတရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည်။
(၃) တိုင်းဒေသကြီးတိုင်းတွင် တိုင်းဒေသကြီး တရားလွှတ်တော်တရပ်စီလည်းကောင်း၊ ပြည်နယ်တိုင်းတွင် ပြည်နယ်တရားလွှတ်တော်တရပ်စီ လည်းကောင်း ထားရှိသည်။
(၄) ပြည်ထောင်စုတရားလွှတ်တော်တွင် စာချွန်တော်အမိန့်များ ထုတ်ပိုင်ခွင့်အာဏာများရှိသည်။
(၅) အောက်ပါတို့ကို တရားစီရင်ရေးမူများအဖြစ် သတ်မှတ်သည်။
- ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး၊
- ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊
- အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး။

အထက်ပါမူ ငါးရပ်ကို ကြည့်လိုက်ရင် သာမန်လူမဆိုထားနဲ့ ဥပဒေသမားများကတောင်မှ **"မဆိုးပါဘူး။ တရားစီရင်ရေးပိုင်းဆိုင်ရာမှာ ဖြစ်သင့်တဲ့၊ ရှိသင့်တဲ့ မူတွေပါဘဲ"** လို့ သုံးသပ်နိုင်ခြေများပါတယ်။ ဆိုလိုခြင်တာကတော့ တရားစီရင်ရေးစနစ်တွေအကြောင်းကို ဂဃနဏ မလေ့လာဘူးသေးဘူးဆိုရင် ဥပဒေပညာနဲ့ ဘွဲ့ရထားတဲ့ ပုဂ္ဂိုလ်များပင်လျှင် မျက်စိလည်သွားစေနိုင်တဲ့ ဖွဲ့စည်းပုံမူတွေရယ်လို့ ပြောရင်ရနိုင်ပါတယ်။

ဒါပေမယ့် အသေအချာ လေ့လာသုံးသပ်ကြည့်ကြပါစို့။ အထက်က အချက် ငါးချက်အနက် တစ်ကနေ သုံးအထိ ပါအချက်တွေဟာ တရားစီရင်ရေးရဲ့ ပုံသဏ္ဌာန်ပိုင်းဆိုင်ရာတွေသာ ဖြစ်ပါတယ်။ အထူးတလည်ဆွေးနွေးဘို့ မလိုပါဘူး။ အရေးကြီးတဲ့ အနှစ်သာရပိုင်းကို ကြည့်ကြပါစို့။ အချက် နံပါတ် (၄) နဲ့ (၅) မှာ တွေ့နိုင်ပါတယ်။ ပြည်

ထောင်စုတရားလွှတ်တော်တွေမှာ “စာချွန်တော်အမိန့် ထုတ်ပိုင်ခွင့် အာဏာရှိတယ်” ဆိုတာနဲ့ “ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး” ကို ဖေါ်ဆောင်မယ် ဆိုတာရယ်တွေဟာ အရေးကြီးလှပါတယ်။

စာချွန်တော်တွေထဲက တခုဖြစ်တဲ့ ရှေ့တော်သွင်းစာချွန်တော် ဆိုကြပါစို့။ အုပ်ချုပ်ရေးအာဏာပိုင်တွေက မတရားဖမ်းဆီး ချုပ်နှောင်တဲ့ အခါမျိုးမှာ ချုပ်နှောင်ခံရသူရဲ့ မိသားစုဝင်တဦးဦးက တရားလွှတ်တော်ချုပ်မှာ သွား ရောက်လျှောက်ထားမယ်ဆိုရင် ထုတ်ပေးလေ့ရှိတဲ့ အမိန့်ကိုဆိုလိုတာပါဘဲ။ ဥပဒေနဲ့ ဆန့်ကျင် ဖမ်းဆီးတာမျိုးဖြစ် ကြောင်းပေါ်လွင်မယ်ဆိုရင် ချုပ်နှောင်ခံရသူကို အဲဒီ အမိန့်အရ အုပ်ချုပ်ရေးအာဏာပိုင်တွေက ချက်ခြင်းပြန်လွှတ်ရ ပါတယ်။ မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရပြီးနောက်ပိုင်း ဝန်ကြီးချုပ်ဦးနု အုပ်ချုပ်ခဲ့တဲ့ကာလအတွင်း အတိုက်အခံ နိုင်ငံ ရေးခေါင်းဆောင်တွေကို မတရားဖမ်းဆီးမှုတွေပြုခဲ့တဲ့ အခါတိုင်းမှာ တရားလွှတ်တော်ချုပ်က အဲဒီရှေ့တော်သွင်းစာ ချွန်တော် အမိန့်ကိုအသုံးပြုပြီး အကာအကွယ်ပေး ပြန်လွှတ်စေခဲ့တဲ့အတွက် ဦးနု ကိုယ်တိုင်ညီးညူခဲ့ရတယ်လို့ လေ့ လာခဲ့ဘူးပါတယ်။

အခုမြန်မာနိုင်ငံမှာ လူထုတွေ အထိခိုက်အခံစားရဆုံး အခွင့်အရေးချိုးဖေါက်မှုတွေထဲက အရေးအကြီးဆုံး တခုကတော့ သံသယရှိယုံနဲ့ ဖမ်းခြင်သလိုဖမ်း၊ ဖမ်းခြင်တဲ့အချိန်နဲ့ နေရာမှာဖမ်း၊ ငါးနှစ်အထိ သို့မဟုတ် လိုအပ်ရင် ငါးနှစ် နှစ်ကြိမ် သုံးကြိမ်အထိ အုပ်ချုပ်ရေးအာဏာပိုင်တွေက တရားရုံးမတင်ဘဲ ဖမ်းခြင်သလောက် ဖမ်းနေတဲ့ကိစ္စ ဘဲဖြစ်ပါတယ်။ အုပ်ချုပ်ရေးအာဏာပိုင်တွေရဲ့ အဲသလို မတရားဖမ်းဆီးချုပ်နှောင်မှုတွေကနေ လူထုကို ကာကွယ် စောင့်ရှောက်ပေးမယ့် ဒီလောက်အရေးကြီးလှတဲ့ စာချွန်တော်အမိန့်တွေကို ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပ ဒေ မှာထည့်သွင်းပြဋ္ဌာန်းခဲ့သလို အခုပေါ်လာတော့မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း နအဖက ထည့်သွင်းပြ ဋ္ဌာန်း ပေးတော့မယ် ဆိုပါကလား။ အဲဒီအတိုင်းအမှန်တကယ် ဖြစ်လာမယ်ဆိုရင်တော့ တောင်ထိပ်ကြာပေါက်၊ အနောက်က နေထွက်တဲ့ ကိန်းဆိုက်ပြီလို့ ပြောရတော့မှာဖြစ်ပါတယ်။

တကယ်ဘဲ အနောက်ကနေ နေထွက်လာတော့မှာလား။ ဘယ်တော့မှ အနောက်ကနေ နေထွက်မှာ မဟုတ်ပါ။ နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်လာပေမယ့်လည်း လူထုတွေဟာ ဘယ်တော့မှအုပ်ချုပ်ရေး အာဏာပိုင်တွေရဲ့ မတရားဖမ်းဆီးချုပ်နှောင်မှုတွေကနေ အကာအကွယ်ရမှာ မဟုတ်ပါဘူး။ ဘာကြောင့် သည်လို ပြောဆိုရပါသလဲ။

လူထုရဲ့အခွင့်အရေးကို ကာကွယ်ပေးတဲ့နေရာမှာ ထိရောက်ထက်မြက်မှုရှိမယ့် ရှေ့တော်သွင်းစာချွန်တော် လိုမျိုး အမိန့်တွေကို အမှန်တကယ်ထုတ်ဆင့်ပေးနိုင်ဘို့ဆိုရင် တရားလွှတ်တော်ချုပ်ဟာ ဖွဲ့စည်းတည်ရှိမှုအရ လွတ် လပ်ဘို့ အဓိက လိုအပ်ပါတယ်။ နအဖ ရဲ့ဖွဲ့စည်းပုံမူတွေထဲမှာ တရားသူကြီးတွေရဲ့ရာထူးနေရာတည်မြဲမှု အတွက် ဘာအာမခံချက်မှ ဖေါ်ပြထားတာမရှိ။ အုပ်ချုပ်ရေးအာဏာပိုင်တွေက အချိန်မရွေး ဖြုတ်ခြင်သလို ဖြုတ်ခန့်ခြင်သလို ခန့်ခံရတဲ့ လက်ရှိအနေအထားထက် ဘာတိုးတက်မှုမှ ရစေမယ့် အခြေအနေမရှိ။ တရားစီရင်ရေးယန္တယားလည်ပတ် မှုအတွက် လိုအပ်တဲ့ငွေကို အုပ်ချုပ်ရေးအာဏာပိုင်တွေဆီမှာတောင်းစရာမလိုဘဲ၊ စီးဆင်းရရှိစေမယ့် ဘဏ္ဍာငွေကြေးဆိုင်ရာ ပြဋ္ဌာန်းချက်လည်း ဘာမှမပါရှိ။ နိုင်ငံတော်ရဲ့ကျေးဇူးသစ္စာတော်ကို ဖေါက်ဖျက်ပုန်ကန်တယ် ဆိုတဲ့ ဝရဇိန်လက်နက်တမျှ ကြောက်ဘွယ်ကောင်းတဲ့ စွပ်စွဲချက်နဲ့ သမတလုပ်သူက အရေးယူမယ်ဆိုရင် အချိန်မ ရွေးခံရနိုင်တဲ့ အနေအထားအောက်မှာ နေ့စဉ်တာဝန်ထမ်းဆောင်ရမယ့် တရားသူကြီးချုပ်တွေအတွက် ဘာအာမခံ ချက်မှ မရှိဘူးဆိုတာ အထင်အရှားတွေ့နိုင်ပါတယ်။

ဒီလို အခြေအနေနဲ့ ပေါ်ပေါက်လာမယ့် တရားလွှတ်တော်ချုပ်အပေါ် ဖွဲ့စည်းတည်ရှိမှုအရ လွတ်လပ်မှုဆို တာကို ဘယ်လိုမှ အိပ်မက်လို့ရနိုင်မှာ မဟုတ်ပါဘူး။ တရားရုံးတွေဟာ မလွတ်လပ်တော့ဘဲ အုပ်ချုပ်ရေးအာဏာ ပိုင်တွေကို ကြောက်နေရတဲ့အောက်မှာ အုပ်ချုပ်ရေးအာဏာပိုင်တွေရဲ့ မတရားဖိနှိပ်ဖမ်းဆီးခံနေရတဲ့ လူထုတွေကို ဘယ်လိုလုပ်ပြီး အကာအကွယ်ပေးနိုင်ပါ့မလဲ။ ဒါကြောင့် နအဖရဲ့ဖွဲ့စည်းပုံမှာ ထည့်သွင်းပြဋ္ဌာန်းမယ့် စာချွန်တော်

အမိန့်ဆိုတာတွေဟာ သကြံန်အမြောက်လို အသံသာထွက်ပြီး အဆံမပါတဲ့ လက်နက်ကြီးအဖြစ်ထက် ဘာမှပိုစရာ အကြောင်းမရှိနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီ စါချွန်တော်အမိန့်ဆိုတဲ့ အမြောက်ကို ကိုင်တွယ်ပစ်ခတ်မယ့် တရားလွှတ်တော်ချုပ်ကိုယ်တိုင်ကလည်း အစွယ်မရှိတဲ့ ဘီလူးလို ဖြစ်နေတဲ့ အတွက်ကြောင့်ပါဘဲ။

အခုလက်ရှိဖြစ်ရပ်ကိုဘဲ သာဓက အဖြစ်သုံးသပ်ကြည့်ပါ။ တရားသူကြီးချုပ် ဦးအောင်တိုးဟာ အတုအယောင် အမျိုးသားညီလာခံမှာ အုပ်ချုပ်ရေးအာဏာပိုင် နအဖ အတွင်းရေးမှူးတစ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ခိုင်းတာကိုလုပ်နေရတဲ့ စါရေးကြီးဘဝကို ရောက်နေပါတော့တယ်။ ဒီတော့ ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အပါအဝင် နအဖ ဗိုလ်ချုပ်တစုက အုပ်ချုပ်ရေးအာဏာပိုင်တွေအဖြစ် လူထုတွေအပေါ် မတရားဖမ်းဆီးဖိနှိပ်မှုတွေကို တရားသူကြီးချုပ် ဦးအောင်တိုး ဦးဆောင်တဲ့တရားရုံးချုပ်က ဘယ်တုံးကမှ ကာကွယ်ပေးနိုင်ခြင်းမရှိတာကို တွေ့ရပေလိမ့်မယ်။ နအဖရေးဆွဲထားတဲ့ တရားစီရင်ရေးဆိုင်ရာ မူတွေအရ ပေါ်ပေါက်လာမယ့် တရားလွှတ်တော်ချုပ်မှာ တရားသူကြီးချုပ်တာဝန်ယူမယ့် ပုဂ္ဂိုလ်တွေရဲ့ဘဝဟာ အခုလက်ရှိတရားသူကြီးချုပ် ဦးအောင်တိုး ထက်ပိုပြီးဆိုးဘို့သာ ရှိမယ်။ ကောင်းလာဘွယ် လုံးဝမရှိနိုင်ဘူး လို့တင်ပြလိုပါတယ်။

နအဖရဲ့မူထဲမှာ "ဥပဒေနဲ့ အညီ လွတ်လပ်စွာတရားစီရင်ရေး" လို့ သာပါရှိပါတယ်။ "လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်"ကို ကျင့်သုံးသွားမယ်ဆိုတာမျိုးကို တလုံးတပါဒမျှမပါရှိတာကို သတိပြုစေလိုပါတယ်။ ဒီနှစ်ခုကို တူသယောင်ယောင်ရှိအောင် နအဖကမျက်လှည့်ပြထားတာသာ ဖြစ်တယ်။ တကယ်တော့ အနှစ်သာရအရရော သဘောသဘာဝအရပါ လုံးဝပင် ဆန့်ကျင်ခြားနားပါတယ်။ ပိုပြီးပေါ်လွင်တဲ့ အချက်ကတော့ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်ကို ကျင့်သုံးသွားမယ့် အပြောအဆိုမျိုး၊ ရှင်းလင်းချက်မျိုးကို နအဖက ဘယ်တုံးကမျှ ပြောဆိုရှင်းလင်းခဲ့ခြင်း မရှိပါဘူး။

နအဖ အခုပြောနေတဲ့ "ဥပဒေနဲ့ အညီ လွတ်လပ်စွာတရားစီရင်ရေး" ဆိုတဲ့ အသုံးအနှုန်းကို အခုမှ ဖေါ်ထုတ်သုံးစွဲတာ မဟုတ်။ ၁၉၇၄ ခုနှစ် အခြေခံဥပဒေထဲမှာ အတိအလင်းပြဌာန်းပြီး သုံးစွဲခဲ့တာပါဘဲ။ အဲဒီ အခြေခံဥပဒေအောက်မှာ တည်ရှိကျင့်သုံးခဲ့တဲ့ တရားစီရင်ရေးကို ပြန်ပြီး စဉ်းစားသုံးသပ်ကြည့်စေခြင်ပါတယ်။ ဗဟို အဆင့်မှာ ပြည်သူ့တရားသူကြီး အဖွဲ့ဟာ နိုင်ငံတော်ကောင်စီရဲ့ အောက်မှာ ရှိနေခဲ့တယ်။ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နဲ့ တိုင်းတွေမှာ သက်ဆိုင်ရာ ပါတီကောင်စီတွေက ခိုင်းသမျှကို တရားရုံးတွေကို လိုက်ပါလုပ်ဆောင်ပေးခဲ့ရတဲ့ အနေအထားတွေ အထင်အရှားရှိခဲ့တယ်။ "ဥပဒေက မည်သို့ပင်ဆိုစေကာမူ ----" ဆိုတဲ့ အသုံးအနှုန်းတွေသုံး၊ နိုင်ငံရေး အတိုက်အခံတွေကို နှိမ်နင်းလိုတဲ့အခါတိုင်းမှာ ဥပဒေတွေကို မျက်ကွယ်ပြုပြီး မဆလ ပါတီကို ဦးညွှတ်ဝတ်တွား၊ ခစါးခဲ့ရတဲ့ တရားစီရင်ရေးကို ပြည်သူတွေ မမေ့နိုင်ကြသေးဘူးလို့ ယူဆပါတယ်။

အခု နအဖရဲ့ဖွဲ့ စည်းပုံသစ်အရ ပေါ်ပေါက်လာမယ့် တရားစီရင်ရေးဟာ စစ်ဗိုလ်သမတရဲ့ လွှမ်းမိုးမှုအောက်မှာ လုံးဝကျရောက်တော့မှာ ဖြစ်တဲ့အတွက် ပိုပြီးဆိုးဘို့သာ ရှိပါတယ်။ လူထုရဲ့ အခွင့်အရေးကို ကာကွယ်ဖေါ်ဆောင်ပေးမယ့် တရားစီရင်ရေး တရပ်ပေါ်လာဘို့ ဆိုတာ လေထဲမှာ တိုက်အိမ်ဆောက်တဲ့ မြော်လင့်ချက်သာ ဖြစ်မယ့် အကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။